Press Release

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

ချက်ချင်းထုတ်ပြန်ရန် စက်တင်ဘာ ၁၀၊ ၂၀၁၂

နယ်စပ်အနီးဝန်းကျင်အပါအဝင် မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်အခြေအနေကို ကိုယ်တွေ့သိမြင်နိုင်ရန်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့သို့ ကိုယ်စားလှယ်တစ်ဖွဲ့စေလွှတ်ခဲ့ပါသည်။ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာနအကြီးအကဲ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျီးဇက်ယွန်းနှင့် သံအမတ် ဒဲရက်မစ်ချဲလ်တို့ ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၇-၁၀၊ ၂၀၁၂အတွင်း သွားရောက်ခဲ့ပါသည်။

ကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ်တွင် နှစ်ရက်ကြာနေထိုင်ခဲ့စဉ်အတွင်း စစ်တွေမြို့နယ်ရှိ ရပ်ရွာများအပါအဝင် မောင်တောအနီးဝန်းကျင်ရှိရွာများသို့လည်း သွားရောက်ခဲ့ပါသည်။ အဖွဲ့ဝင်များသည် ရွာများ၊ နေရပ်စွန့်ခွာထွက်ပြေးသူများနေထိုင်ရာစခန်းများ၊ ဒေသခံစီးပွားရေးလုပ်ငန်းများ၊ ဗလီများနှင့် ဘုန်းကြီးကျောင်းများသို့ သွားရောက်ခဲ့ကြပါသည်။ သူတို့သည် နိုင်ငံတကာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရခိုင်ဗုဒ္ဓဘာသာနှင့် ရိုဟင်ဂျာလူ့အဖွဲ့အစည်းများမှ အလှာပေါင်းစုံနှင့်ထိတွေ့ခဲ့ပါသည်။ ကိုယ်စားလှယ်အဖွဲ့သည် နယ်စပ်ရေးရာ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ တခြားဒေသခံတာဝန်ရှိသူများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ခဲ့ပါသည်။

ကိုယ်စားလှယ်အဖွဲ့သည် မကြာသေးမီက ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော လူအုပ်စုချင်းအကြမ်းဖက်မှုများကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများဖြစ်သည့် လုံခြုံရေးနှင့်တည်ငြိမ်မှုခိုင်မြဲရေး၊ ဒေသခံများလွတ်လပ်စွာသွားလာနိုင်ရေး၊ ကာကွယ်စောင့်ရှောက်မှုနှင့် လူသားချင်းစာနာသောအထောက်အပံ့များ ရောက်ရှိရေးတို့ပေါ်တွင် အာရုံစိုက်ခဲ့ပါသည်။ သူတို့သည် ရခိုင်ပြည်နယ်တွင် ရေရှည်နာလန်ထူလာစေရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာအသိုက်အဝန်းက ဂိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများကိုလည်း ရှာကြံခဲ့ကြပါသည်။ လူ့အဖွဲ့အစည်းနှစ်ခုစလုံး ကြီးကြီးမားမား ထိခိုက်မှုရှိနေပြီး လူသားချင်းစာနာထောက်ပံ့ရေးအခြေအနေက စိုးရိမ်စရာကောင်းလွန်းနေဆဲ ဖြစ်ပါသည်။ ရှေ့ဆက်ဆောင်ရွက်ရာတွင် အရေးပေါ်လိုအပ်ချက်များကိုလုပ်ဆောင်ရန် အရေးကြီးမည်ဖြစ်သလို ရေရှည်တည်တံ့ပြီး တရားမျှတမှုရှိရှိ ဖြေရှင်းဆောင်ရွက်ရန် အခြေခံအုတ်မြစ်ကိုလည်း ချရပေမည်။

နေပြည်တော်တွင် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီး ဦးအောင်မင်းတို့နှင့် တွေ့ဆုံခဲ့ပါသည်။ ခရီးစဉ်ကိုစီစဉ်ရာတွင် အစိုးရ၏ အကူအညီအတွက် ကျေးဇူးတင်ကြောင်း ကိုယ်စားလှယ်အဖွဲ့က သတင်းစကားပါးခဲ့ပါသည်။

ဂါရှင်တန်မှလာရောက်သောကိုယ်စားလှယ်အဖွဲ့ဝင်များမှာ အရှေ့အာရှနှင့် ပစိဖိတ်ရေးဌာန အကြီးအကဲ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျီးဇက်ယွန်း၊ တောင်နှင့်ဗဟိုအာရှရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အယ်လစ်ဆာ အေရားစ်၊ ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒန်ဘဲရ်၊ လူဦးရေ ဒုက္ခသည်နှင့် ရွှေ့ပြောင်းနေထိုင်ခြင်းရေးရာဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကယ်လီ ကလီမင့်စ်တို့ဖြစ်ပါသည်။ အသစ်ရောက်ရှိလာသော အမေရိကန် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ ရန်ကုန် မစ်ရှင်ညွှန်ကြားရေးမှူး ခရစ္စ မီလီဂန်လည်း ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်တွင် လိုက်ပါခဲ့ပါသည်။ ယွန်း၊ အေရားစ်၊ ဒန်ဘဲရ်နှင့် ကလီမင့်စ်တို့သည် ဆက်လက်ဆွေးနွေးမှုများပြုလုပ်ရန် စက်တင်ဘာ ၁၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားကြပါသည်။

###